# ဂျပန်နိုင်ငံရှိ ပညာတော်သင်ကျောင်းများ

## ဂျပန်နိုင်ငံကို ပညာသင်သွားရောက်ပြီး အမိမြေကို ပြန်လာတဲ့အခါမှာ ...

Yangon Press စာစောင်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လထုတ်မှ ၂၀၁၇ ခုနှစ် မေလအတွင်း ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရခြင်း၏အားသာချက်၊ ဂျပန်နိုင်ငံသို့ မြန်မာပညာသင်ကျောင်းသားအရေအတွက်တိုးတက်လာမှု၊ ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်လိုအပ်ချက်များ၊ ပညာသင်ဆုအကြောင်း၊ နိုင်ငံပိုင်တက္ကသိုလ်၊ ပုဂ္ဂလိကတက္ကသိုလ်များ၏ကျောင်းစရိတ်ကုန်ကျမှု၊ ကျောင်းဝင်ခွင့်လျှောက်ထားရန်လိုအပ်ချက်များပြောင်းလဲသတ်မှတ်မှု၊ အချိန်ပိုင်းအလုပ်လုပ်ခြင်း စသည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းရေးသားခဲ့ပါသည်။ ယခုလအတွက် ဂျပန်သို့ပညာသင်သွားရောက်ပြီးပြန်လာချိန်တွင် လျှောက်လှမ်းနိုင်သောလမ်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းရေးသားသွားပါမည်။

ဂျပန်နိုင်ငံသို့ပညာသင်သွားလိုသော မြန်မာကျောင်းသားအများစုသည် ဂျပန်ရှိတက္ကသိုလ်တွင်ဘွဲ့ရယူပြီးနောက် ဂျပန်ကုမ္ပဏီများတွင်အလုပ်လုပ်ကြည့်ချင်သည်ဟု စဉ်းစားသူများကြောင်း စစ်တမ်းများအရသိရှိရပါသည်။ မြန်မာပြည်တွင်ရှိသော ဂျပန်ကုမ္ပဏီအရေအတွက်ကို သင်သိပါသလား။ ၂၀၁၆ ခုနှစ်တွင် ဂျပန်ကုမ္ပဏီအရေအတွက် ၃၀၀ ကျော်ခန့် မြန်မာပြည်သို့ ဝင်ရောက်လာခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင်ရှိသည့် ဂျပန်ကုမ္ပဏီအရေအတွက် ၅၀ ခန့်နှင့်ယှဉ်ကြည့်လျှင် ၇ နှစ်အတွင်း ၆ ဆခန့်တိုးလာခဲ့ပါသည်။ နောက်ပိုင်းတွင်လည်း ဂျပန်ကုမ္ပဏီအများအပြား ထပ်မံဝင်ရောက်လာလိမ့်မည်ဟု ခန့်မှန်းမိပါသည်။

Okayama တက္ကသိုလ်သည် ပုဂ္ဂလိကလုပ်ငန်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ၏ All Japan မူဘောင်ဖြင့် မြန်မာနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို မြှင့်တင်နိုင်ရန်အတွက် Myanmar-Japan Platform for Human Resource Development ကိုဦးဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောဂျပန်ကုမ္ပဏီများနှင့်ပူးပေါင်း၍ Myanmar-Japan Platform for Human Resource Development ကိုစတင်တည်ထောင်ခဲ့ပါသည်။ ထို့အပြင် Myanmar-Japan Platform for Human Resource Development မှ ၂၀၁၇ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံတွင်းနေထိုင်လျက်ရှိသော မြန်မာလူမျိုးပညာသင်ကျောင်းသားများနှင့် ဘွဲ့ရရှိပြီးသူများအတွက်ရည်ရွယ်၍ Myanmar Career Fair ကို တိုကျိုမြို့တွင်ကျင်းပခဲ့ပါသည်။ ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ဂျပန်ကုမ္ပဏီပေါင်း ၁၃ ခုပါဝင်ခဲ့ပြီး မြန်မာလူမျိုးပညာသင်ကျောင်းသားများမှလည်း ကုမ္ပဏီများ၏ရှင်းလင်းပြောပြချက်များကို စိတ်ဝင်စားစွာနားထောင်ခဲ့ကြပါသည်။ နောက်နှစ်များတွင်လည်း Myanmar Career Fair ကို ဆက်လက်ကျင်းပရန်အစီအစဉ်ရှိပါသည်။

ထိုကဲ့သို့ ဂျပန်ဘွဲ့ကြိုတက္ကသိုလ်နှင့် ဘွဲ့လွန်တက္ကသိုလ်များသို့ ပညာသင်သွားရောက်ပညာသင်ခြင်း၊ သုတေသနလုပ်ခြင်းသာမက ဘွဲ့ရပြီးချိန်တွင်လျှောက်လှမ်းရမည့်အနာဂတ်လမ်းကြောင်းများကိုပါ တွေ့ရှိနိုင်မည်ဖြစ်သည်။ 'အားလုံးရဲ့ တောက်ပတဲ့အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ဂျပန်နိုင်ငံသို့ ပညာသင်သွားရန်စဉ်းစားကြည့်ကြပါစို့'။ ဂျပန်ကုမ္ပဏီများတွင် တိုက်ရိုက်အလုပ်ဝင်ခြင်းထက် ဂျပန်တက္ကသိုလ်တွင်ပညာသင်ရင်း ဂျပန်လူမျိုးတို့၏ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုများကိုလေ့လာပြီးနောက်မှ ဂျပန်ကုမ္ပဏီများတွင်အလုပ်ဝင်ခြင်းက ပိုမိုအဆင်ပြေလွယ်ကူစေပါသည်။


ဂျပန်ဘွဲ့ကြိုတက္ကသိုလ်၊ ဘွဲ့လွန်တက္ကသိုလ်များတွင်ပညာသင်ကြားရန် စိတ်ပါဝင်စားသူများအနေဖြင့် OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER, MYANMAR သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ Okayama တက္ကသိုလ်တစ်ကျောင်းတည်းသာမက ဂျပန်တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များ၏ သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။ မိမိတက်ရောက်လိုသောဘာသာရပ်အလိုက် တက္ကသိုလ်များကူညီရှာဖွေပေးခြင်း၊ အခမဲ့ဆွေးနွေးတိုင်ပင်ပေးခြင်းများပြုလုပ်ပေးလျက်ရှိသောကြောင့် စိတ်ပေါ့ပါးစွာဖြင့်ဆွေးနွေးနိုင်ပါသည်။

**OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER, MYANMAR (OJEIC)**

လိပ်စာ - R322A, Bldg-C, Pearl Condo, Kaba Aye Pagoda Rd, Bahan Township, Yangon .
ဖုန်း - 09-261841054
E-mail - ojeicmyanmar@gmail.com
Facebook- https://www.facebook.com/StudyinJapanOfficeYangon
Website - http://www.okayama-u.ac.jp/user/myanmar/index.html



Myanmar Career Fair ကျင်းပစဉ်




## The Consortium of Six National Universities in Japan နှင့်စပ်လျဉ်း၍




နိုင်ငံပိုင်တက္ကသိုလ် ၆ ခုဖြစ်သော Chiba University, Niigata University, Kanazawa University, Okayama University, Nagasaki University, Kumamoto University တို့သည် စနစ်ဟောင်း ဆေးဘက်ဆိုင်ရာတက္ကသိုလ်က အဓိကအားထားရသော ပြည်နယ်မြို့ကြီးများ၏တက္ကသိုလ်များဖြစ်ကြသည်။ ကျောင်းသားဦးရေ ၇၀၀၀၀ ခန့်တက်ရောက်လေ့လာနေကြပြီး ရှည်ကြာသော သမိုင်းအစဉ်အလာများကြောင့် ဂျပန်ထိပ်တန်းတက္ကသိုလ်များအဖြစ် လူသိများခဲ့သည်။ နှစ်စဉ်ဘွဲ့ကို ဂုဏ်ထူးဖြင့်ဆွတ်ခူးသူကျောင်းသား ၁၈၀၀၀ ဦးခန့်မွေးထုတ်ပေးလျက်ရှိပြီး အဆိုပါကျောင်းသားများသည် ကမ္ဘာတဝှမ်းရှိနိုင်ငံအသီးသီးတွင် အစွမ်းပြလုပ်ဆောင်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် မတ်လက ကမ္ဘာ့လူ့အဖွဲ့အစည်းကိုဦးဆောင်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် နှင့်ပညာရပ်ဆိုင်ရာသုတေသနကို အဆင့်မြင့်ပြောင်းလဲရန်ရည်ရွယ်ပြီး P The Consortium of Six National Universities in Japan (SixERS) ကိုတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ပညာရေးအဖွဲ့အစည်း၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် ပူးတွဲစီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရ၏ လူ့စွမ်းအားအရင်းအမြစ်ပညာရေးလိုအပ်ချက်မြင့်မားလာမှုအခန်းကဏ္ဍကို နားလည်ကာ Project for Enhancement of Engineering Higher Education, Project for Enhancement of Medical Education အရ မြန်မာနိုင်ငံမှလာရောက်သည့်ကျောင်းသားများကိုလည်း လက်တွေ့ကျကျ လက်ခံသင်ကြားပေးလျက်ရှိပေသည်။ တဖန် ဂျပန်နိုင်ငံအစိုးရ (ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ) ဝန်ကြီးဌာနကတာဝန်ပေးအပ်သော Coordinator for study in japan အဖြစ်လက်ခံပြီး (ရန်ကုန်)တွင် Coordinator ထားရှိကာ ဂျပန်တစ်နိုင်ငံလုံးအတွက် ပညာသင်ကျောင်းသားတိုးတက်ရန်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဂျပန်တစ်နိုင်ငံလုံးစနစ်ဖြင့် မြန်မာနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်တိုးတက်လာမှုကိုအားပေးကူညီရန်အတွက် ၂၀၁၆ ခုနှစ် မတ်လတွင် Myanmar-Japan Platform for Human Resource Development ကို ဖွဲ့စည်းခဲ့သည်။ ထိုကြိုးပမ်းအားထုတ်မှုမှတစ်ဆင့် ဂျပန်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိပါသည်။

# OKAYAMA UNIVERSITY

အားလုံးပဲ မင်္ဂလာပါ။

Okayama တက္ကသိုလ်သည် လွတ်လပ်စွာသင်ယူလေ့လာနိုင်သော ဘာသာရပ် ၁၁ ခု ၊ သင်တန်း ၁ ခု ၊ သုတေသနအဖွဲ့ ၇ ဖွဲ့ (ဘွဲ့လွန်တက္ကသိုလ်) စသည်ဖြင့် အထွေထွေသောပညာရပ်များကို လေ့လာနိုင်သော နိုင်ငံပိုင်တက္ကသိုလ်တစ်ခုဖြစ်သည်။

(Research Institute for Interdisciplinary Science), (Institute for Planetary Materials), (Institute of Plant Science and Resources) စသည်များရှိပြီး ကမ္ဘာ့အဆင့်မီသုတေသနစွမ်းရည်နှင့်အတူ ကမ္ဘာလုံးဆိုင်ရာအခန်းကဏ္ဍများတွင် ပါဝင်နိုင်သူများ လေ့ကျင့်ပေးရန်၊ ပြုစုပျိုးထောင်ရန်ရည်ရွယ်သောပညာရေးစွမ်းရည်ပါ နှစ်မျိုးလုံးရှိ၍ ဂျပန်နိုင်ငံကိုနိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံလာစေရန်ဆွဲဆောင်နိုင်သော တက္ကသိုလ်အဖြစ် ဂျပန်နိုင်ငံအစိုးရ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနပေါင်းများစွာက နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် ရွေးချယ်သတ်မှတ်ထားပေသည်။

Okayama တက္ကသိုလ် HP (အင်္ဂလိပ်ဘာသာ)
http://www.okayama-u.ac.jp/eng/prospective_students/index.html
Okayama (အင်္ဂလိပ်ဘာသာ) နှင့်ပတ်သတ်၍
http://discovery.okayama-u.ac.jp/en/special/okayama



